ကုမ္ပဏီအမည် - IM Ringier Co., Ltd.

လုပ်ငန်း - **IM Ringier Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အညီဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြလာခြင်းကိစ္စ**

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြည်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှWeb Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍လမ်းညွှန်မှုခံယူတင်ပြလာခြင်း	၁-၉-၂၀၁၅		
၂	ကော်မရှင်ဥက္ကဋ္ဌထံတင်ပြလမ်းညွှန်မှုခံယူခြင်း	၁၁-၉-၂၀၁၅		
၃	ပြန်ကြားရေးဝန်ကြီးဌာနသို့သဘောထားတောင်းခံခြင်း	၂၁-၉-၂၀၁၅	၂၉-၉-၂၀၁၅	
၄	အဆိုပြုလွှာလက်ခံရရှိခြင်း	၁-၁၀-၂၀၁၅		
၅	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၃၆/၂၀၁၅ သို့ တင်ပြခြင်း	၅-၁၀-၂၀၁၅		
၆	(၁၈/၂၀၁၅) MIC အစည်းအဝေးသို့တင်ပြလမ်းညွှန်မှုခံယူခြင်း	၂၃-၁၀-၂၀၁၅		
၇	ကော်မရှင်ဥက္ကဋ္ဌထံသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း	၃၀-၁၀-၂၀၁၅	ကွန်ပျူတာပညာရှင်အသင်း၏သဘောထားဖြင့်ဆောင်ရွက်ရန်မှတ်ချက်ပြုခြင်း	
၈	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၃-၁၁-၂၀၁၅	၃-၁၂-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန	၃-၁၁-၂၀၁၅	၂၉-၁၂-၂၀၁၅	
	(ဂ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန	၃-၁၁-၂၀၁၅	၂၄-၁၂-၂၀၁၅	
	(ဃ) မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း	၁၅-၁၂-၂၀၁၅	၂၃-၁၂-၂၀၁၅	
၉	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်ပေးပို့ခြင်း	၉-၁၁-၂၀၁၅		
၁၀	ကုမ္ပဏီမှလိုအပ်ချက်များပြင်ဆင်တင်ပြလာခြင်း	၁၉-၁-၂၀၁၆		
၁၁	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၂/၂၀၁၆)MIC	၂၂-၁-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် ၁၀၉ ရက်			

ကုမ္ပဏီအမည်	IM Ringier Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	**Web Portal (သတင်းဝက်ဘ်ဆိုက်လုပ်ငန်း)**
တည်နေရာ	တိုက်အမှတ် (E)၊ ပထမထပ်၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၁၄၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	အမေရိကန် ဒေါ်လာ ၁.၆၉ သန်း
ရောင်းချမည့်စနစ်	ပြည်တွင်းသို့ ၁၀၀ % ရောင်းချခြင်း
လုပ်ငန်းသက်တမ်း	၂၀ နှစ်
အရင်းကြေကာလ	၇ နှစ်
IRR	၁၈ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ **Cost & Benefit** ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀ သန်း (တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၂၀ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	-	-
၄	ဝင်ငွေခွန်	ကျပ် ၀.၇၉ သန်း	ကျပ် ၁.၇၆ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်	-	ကျပ် ၀.၆၃ သန်း
၆	လျှပ်စစ်မီးသုံးစွဲခ	-	-
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	တစ်နှစ်ဝင်ငွေကျပ် သိန်း(၂၀) ကျော်ပါက အခွန်ပေးရမည့်ဝန်ထမ်း (၁၃) ဦး
၈	CSR (၁%)	-	ကျပ် ၀.၆၇ သန်း
၉	အလုပ်အကိုင်အခွင့်အလမ်း	-	ကျပ် ၁၄.၀၆ သန်း ပြည်တွင်း လုပ်သား (၁၂) ဦး ပြည်ပ ၁ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသ အလုပ်အကိုင် အခွင့်အလမ်း နှင့် ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။
		ကျပ် ၃.၇၉ သန်း	**ကျပ် ၁၈.၃၂ သန်း**
		၁ : ၅	

ကုမ္ပဏီအမည် - IM Ringier Co., Ltd.

လုပ်ငန်း - IM Ringier Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အညီဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြလာခြင်းကိစ္စ

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြည်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှWeb Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍လမ်းညွှန်မှုခံယူတင်ပြလာခြင်း	၁-၉-၂၀၁၅		
၂	ကော်မရှင်ဥက္ကဋ္ဌထံတင်ပြလမ်းညွှန်မှုခံယူခြင်း	၁၁-၉-၂၀၁၅		
၃	ပြန်ကြားရေးဝန်ကြီးဌာနသို့သဘောထားတောင်းခံခြင်း	၂၁-၉-၂၀၁၅	၂၉-၉-၂၀၁၅	
၄	အဆိုပြုလွှာလက်ခံရရှိခြင်း	၁-၁၀-၂၀၁၅		
၅	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၃၆/၂၀၁၅ သို့ တင်ပြခြင်း	၅-၁၀-၂၀၁၅		
၆	(၁၈/၂၀၁၅) MIC အစည်းအဝေးသို့တင်ပြလမ်းညွှန်မှုခံယူခြင်း	၂၃-၁၀-၂၀၁၅		
၇	ကော်မရှင်ဥက္ကဋ္ဌထံသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း	၃၀-၁၀-၂၀၁၅	ကွန်ပျူတာပညာရှင်အသင်း၏ သဘောထားဖြင့် ဆောင်ရွက်ရန် မှတ်ချက်ပြုခြင်း	
၈	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၃-၁၁-၂၀၁၅	၃-၁၂-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၃-၁၁-၂၀၁၅	၂၉-၁၂-၂၀၁၅	
	(ဂ) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန	၃-၁၁-၂၀၁၅	၂၄-၁၂-၂၀၁၅	
	(ဃ) မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း	၁၅-၁၂-၂၀၁၅	၂၃-၁၂-၂၀၁၅	
၉	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ပေးပို့ခြင်း	၉-၁၁-၂၀၁၅		
၁၀	ကုမ္ပဏီမှလိုအပ်ချက်များပြင်ဆင်တင်ပြလာခြင်း	၁၉-၁-၂၀၁၆		
၁၁	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၂/၂၀၁၆)MIC	၂၂-၁-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် ၁၀၉ ရက်			

IM Ringier Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Web Portal (သတင်းဝက်ဘ်ဆိုက်)လုပ်ငန်းနှင့်စပ်လျဥ်းသည့်အဓိကအချက်များ

<table>
<tr><td>၁။</td><td>ကုမ္ပဏီအမည်/ ကမကထပြုသူ</td><td>- IM Ringier Co., Ltd.
- ဦးသောင်းစုငြိမ်း</td></tr>
<tr><td>၂။</td><td>ရင်းနှီးမြှုပ်နှံမှုပုံစံ</td><td>- ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု
- Information Matrix Co., Ltd.(မြန်မာ) အစုရှယ်ယာ ၆၀ %
Ringier AG Co., Ltd. (ဆွစ်ဇာလန်နိုင်ငံ) အစုရှယ်ယာ ၄၀ %</td></tr>
<tr><td>၃။</td><td>အဆိုပြုလုပ်ငန်းအမျိုးအစား</td><td>- Web Portal (သတင်းဝက်ဘ်ဆိုက်လုပ်ငန်း)</td></tr>
<tr><td>၄။</td><td>လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း</td><td>- တိုက်အမှတ် (E)၊ ပထမထပ်၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။</td></tr>
<tr><td>၅။</td><td>စုစုပေါင်းရင်းနှီးမြှုပ်နှံမှု

ထည့်ဝင်သည့်အမျိုးအစား
ငွေသား</td><td>- အမေရိကန်ဒေါ်လာ ၁.၆၉ သန်း
(ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. မှ ထည့်ဝင်ငွေ US$ ၀.၆၈၁၃၀၆ သန်း နှင့် မြန်မာနိုင်ငံ Information Matrix Co., Ltd. မှ US$ ၁.၀၁၃၇၅၉ သန်း ထည့်ဝင်မည်ဖြစ်ပါသည်။)
<table>
<tr><th>နိုင်ငံခြား(US$ သန်း)</th><th>မြန်မာ(US$ သန်း)</th><th>စုစုပေါင်း(US$ သန်း)</th></tr>
<tr><td>၀.၆၈၁၃၀၆</td><td>၁.၀၁၃၇၅၉</td><td>၁.၆၉၅၀၆၅</td></tr>
</table>
စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁.၆၉ သန်းတွင် ငွေသားအမေရိကန်ဒေါ်လာ ၁.၁၄၅ သန်းနှင့် ချေးငွေ ၀.၅၅ သန်းဖြစ်ပါသည်။</td></tr>
<tr><td>၆။</td><td>တည်ဆောက်ရေးကာလ</td><td>- NA</td></tr>
<tr><td>၇။</td><td>ရင်းနှီးမြှုပ်နှံမှုသက်တမ်း</td><td>- ၂၀ နှစ်</td></tr>
<tr><td>၈။</td><td>ကုမ္ပဏီ၏ဝင်ငွေ(ဆဋ္ဌမနှစ်)</td><td>- US$ ၂.၂၈၅၆ သန်း</td></tr>
<tr><td>၉။</td><td>ကုမ္ပဏီ၏အသုံးစရိတ်(ဆဋ္ဌမနှစ်)</td><td>- US$ ၁.၃၇၅၉ သန်း</td></tr>
<tr><td>၁၀။</td><td>အသားတင်အမြတ် (ဆဋ္ဌမနှစ်)</td><td>- US$ ၀.၉၀၉၇ သန်း</td></tr>
<tr><td>၁၁။</td><td>နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် (ဆဋ္ဌမနှစ်)
ဝင်ငွေခွန်
ကုန်သွယ်လုပ်ငန်းခွန်</td><td>

- ၀.၃၀၃၂ သန်း
- ၀.၁၁၄၃ သန်း</td></tr>
<tr><td>၁၂။</td><td>ဝန်ထမ်းအင်အား
ပြည်တွင်း

ပြည်ပ</td><td>- ၁၃ ဦး
၁၂ ဦး (တစ်လလျှင် ပြည်တွင်းလုပ်သားတစ်ဦး၏ အနိမ့်ဆုံး လစာမှာUS$ ၅၈၅၊ အမြင့်ဆုံး လစာမှာ US$ ၁,၄၃၀ ဖြစ်ပါသည်။) (၉၈ %)
၁ ဦး (တစ်လလျှင် ပြည်ပလုပ်သားတစ်ဦး၏ လစာမှာ US$ ၁,၃၀၀ ဖြစ်ပါသည်။) (၂ %)</td></tr>
</table>

၁၃။	အရင်းကြေကာလ	- ၇ နှစ်
၁၄။	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၁၈ %
၁၅။	ငွေကြေးအထောက်အထား	- Information Matrix Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ် (ကျွန်းတောလမ်းဘဏ်ခွဲ) ၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၁ ရက်နေ့ ရက်စွဲဖြင့် မြန်မာကျပ်ငွေ (၉.၃၃၅ သန်း) ရှိကြောင်းတင်ပြထားပြီး နိုင်ငံခြား ငွေအထောက်အထားတင်ပြထားခြင်းမရှိပါ။
၁၆။	နှစ်ဦးသဘောတူစာချုပ်များပါအဓိကအချက်များ	ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. နှင့် မြန်မာနိုင်ငံ Information Matrix Co., Ltd. တို့ အကြားချုပ်ဆိုမည့် နှစ်ဦးသဘောတူစာချုပ်(မူကြမ်း)အရ- (က) Information Matrix Co., Ltd. မှ ပြည်တွင်းဈေးကွက်နှင့် စပ်လျဉ်းသည့်အချက်များထောက်ပံ့ခြင်း၊ ကုမ္ပဏီ၏ လက်ရှိထုတ်ဝေလျက်ရှိသည့် 7 Day နေ့စဉ်ထုတ် သတင်းစာနှင့် အပတ်စဉ်ထုတ်ဂျာနယ်၊ Internet ဂျာနယ်၊ မြန်မာ People မဂ္ဂဇင်းတို့မှ သတင်းဆောင်းပါး၊ ဓာတ်ပုံ၊ ဗွီဒီယိုများ ထောက်ပံ့ပေးခြင်း၊ ကုမ္ပဏီမှ ထုတ်ဝေလျက်ရှိသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် Duwun Web Portal လုပ်ငန်းကြော်ငြာအား ကြော်ငြာခနှုန်း ၉၀ % လျှော့ပေး၍ ၄၂ လကြာ ကြော်ငြာ ထည့်သွင်းပေးခြင်း၊ အခြေခံ အဆောက်အအုံ (ရုံးခန်းနေရာ) နှင့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ newsroom အား စီမံခန့်ခွဲပေးခြင်း၊ magagement team သစ်ဖွဲ့စည်းခန့်ထားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ (ခ) Ringier AG Co., Ltd. မှ newsroom management အတွက်လိုအပ်သော ကျွမ်းကျင်ပညာရှင်များ ထောက်ပံ့ပေးခြင်း (software installation၊ CMS အသစ်တည်ထောင်ရန်အတွက် လိုအပ်သောငွေကြေး လိုင်စင်ကြေးများ စိုက်ထုတ်ပေးခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်း)၊ Hosting ကိစ္စရပ်များ၊ ပြည်တွင်းလုပ်ငန်းလည်ပတ်ရန်အတွက် အတိုးမဲ့ချေးငွေချေးပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
၁၇။	အခြားတင်ပြချက်များ	(က) အဆိုပြုချက်နှင့်အတူ IM Ringier Co., Ltd. ၏ MOA , AOA (မူကြမ်း) နှင့် ဒါရိုက်တာစာရင်း တို့အား တင်ပြထား

		ပါသည်။ (ခ) ဝန်ထမ်းလုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှု ဆောင်ရွက်မည့်အစီအစဉ်၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအစီအစဉ်၊ ဝန်ထမ်းများ၏ လုပ်ခလစာအပေါ် ဝင်ငွေခွန် ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်များ ကိုတင်ပြထားပါသည်။ (ဂ) CSR အစီအစဉ်အတွက် ကုမ္ပဏီမှ နှစ်စဉ်အသားတင် အမြတ်ငွေ၏ ၁% ကိုသုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါ သည်။ (ဃ) Ringier AG Co., Ltd. နှင့် IM Ringier Co., Ltd တို့ ချုပ်ဆိုမည့် Loan Agreement (မူကြမ်း) ကိုတင်ပြထား ပါသည်။
၁၈။	စိစစ်တင်ပြချက်	(က) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ Web Portal (သတင်း ဝက်ဘ်ဆိုက်)လုပ်ငန်း ဆောင်ရွက်ခွင့် အဆိုပြုလာခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌထံသို့ တင်ပြလမ်းညွှန်မှုခံယူခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌမှ ပြန်ကြားရေး ဝန်ကြီးဌာန၏ သဘောထားဖြင့်သာ အဆိုပြုလွှာ လက်ခံ စဉ်းစားနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် မိန့်မှတ်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံ ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ အဆိုပြုလုပ်ငန်း ဆောင်ရွက် ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်မရှိကြောင်း သဘော ထားမှတ်ချက် ပြန်ကြားထားပါသည်။ (ခ) အဆိုပြုလွှာတင်ပြလာခြင်းအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ ၂၃ ရက်နေ့တွင် ကျင်းပသော(၁၈/၂၀၁၅) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ တင်ပြ ခဲ့ပြီး အစည်းအဝေးမှ ကွန်ပျူတာပညာရှင်အသင်းနှင့် တွေ့ဆုံဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ချက် အရ ကွန်ပျူတာပညာရှင်အသင်းသို့ သဘောထား မှတ်ချက် တောင်းခံခဲ့ပြီး ကွန်ပျူတာပညာရှင်အသင်းမှ ကွန်ပျူတာ နည်းပညာရှုထောင့်အရ သဘောထားမှတ်ချက်ပေးရန် မရှိပါ ကြောင်း ပြန်ကြားထားပါသည်။ (ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ် လ ၁၄ ရက်နေ့ပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ အရ Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း

		အမျိုးအစားများစာရင်း၊ နိုင်ငံသား နှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း၊ သတင်းမီဒီယာ ဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေတို့အရ ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း စိစစ် ရပါသည်။ (ဃ) စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁.၆၉ သန်းဖြစ်၍ ငွေသားအမေရိကန်ဒေါ်လာ ၁.၁၄၅ သန်းနှင့် ချေးငွေ ၀.၅၅ သန်းဖြစ်ပါသည်။ (င) ဝင်ငွေ၊ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်နှင့် အရင်းအနှီး အပေါ် အကျိုးပြန်ပေါ်နှုန်းတို့မှာ ကုမ္ပဏီမှ တင်ပြချက်အရ ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။ (စ) အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက်လိုအပ်သော ရုံးသုံး ပစ္စည်း၊ ပရိဘောဂများအား ပြည်တွင်းမှ ဝယ်ယူအသုံးပြု မည်ဖြစ်ကြောင်း၊ ပြည်ပမှ စက်ပစ္စည်းကိရိယာများ တင်သွင်း ရန်မရှိကြောင်း တွေ့ရှိပါသည်။ (ဆ) အဆိုပြုလုပ်ငန်းနှင့် အလားတူလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးထားခြင်း မရှိ သေးကြောင်း စိစစ်တင်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၅ (အ)/ ၀၁၀/ ၂၀၁၆ (၀၂၉)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ လ ၁၉ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **IM Ringier Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံ Information Matrix Co.,Ltd.မှ ၆၀% နှင့် ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. မှ ၄၀% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် IM Ringier Co., Ltd. တည်ထောင်ကာ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ တိုက်အမှတ်-E၊ ဒိုင်းမွန်းကွန်ဒို ပထမထပ်၊ အမှတ်(၄၉၇) တွင် မြန်မာနှင့်ကမ္ဘာတစ်ဝန်းမှ ဖျော်ဖြေရေး၊ အားကစား၊ Lifestyle Fashion၊ ကျန်းမာရေးအထူးဆောင်းပါးနှင့် သတင်းများကို သွက်လက်လျင်မြန်စွာ တင်ပြပေးခြင်း၊ မြန်မာနိုင်ငံအတွင်း ရှိ အင်တာနက်အသုံးပြုသူ စာဖတ်ပရိတ်သတ်များအတွက် Entertainment၊ knowledge နှင့် new content များကို တင်ဆက်ပေးမည့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြ လာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ အခန်းပိုင်ရှင်ဖြစ်သော ဒေါ်သန်းသန်းနွဲ့ နှင့် ဒေါ်စုငြိမ်းအေး IM Ringier Co., Ltd. တို့ အကြားချုပ်ဆိုမည့် အခန်းငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)၊ အခန်း ပိုင်ဆိုင်မှုအထောက်အထားများ၊ Ringier AG Co., Ltd. နှင့် IM Ringier Co., Ltd တို့ ချုပ်ဆိုမည့် Loan Agreement (မူကြမ်း)၊ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းတို့ကို ပူးတွဲတင်ပြ ထားပါသည်။

၃။ နှစ်စဉ် အခန်းငှားရမ်းခအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ တိုက်အမှတ်-E၊ ဒိုင်းမွန်းကွန်ဒို ပထမထပ်၊ အမှတ်(၄၉၇) ရှိ အခန်း ဧရိယာ ၅၀၀ စတုရန်းပေ အား တစ်လ တစ်စတုရန်းပေလျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာနှုန်းနှင့် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၈,၀၀၀ နှုန်းဖြင့် ငှားရမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း (၁၀) နှစ်သက်တမ်းရှိ အခန်း ငှားရမ်းခြင်းစာချုပ် (မူကြမ်း) အား ပူးတွဲတင်ပြထားပါသည်။

၄။ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး ၂၀ နှစ် ဖြစ်ပါသည်။ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး ၁ လ အတွင်း လုပ်ငန်းစတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၆၉ သန်း ဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံ Ringer AG Co., Ltd. မှ ထည့်ဝင်ငွေ US$ ၆၈၁,၃၀၆ နှင့် မြန်မာနိုင်ငံ Information Matrix Co., Ltd. မှ US$ ၁,၀၁၃,၇၅၉ ထည့်ဝင်မည်ဖြစ်ပါသည်။ စုစုပေါင်း

ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ် ၁.၆၉ သန်းတွင် ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. မှ ဖက်စပ်ကုမ္ပဏီ IM Ringier Co., Ltd. သို့ ချေးမည့် အတိုးမဲ့ချေးငွေ အမေရိကန် ဒေါ်လာ ၀.၅၅ သန်း ပါဝင်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း (၁၂) ဦး နှင့် ပြည်ပမှ ကျွမ်းကျင် ဝန်ထမ်း(၁) ဦး၊ စုစုပေါင်း (၁၃) ဦးခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ US$ ၅၈၅ ဖြစ်ပြီး အမြင့်ဆုံးလစာ မှာ US$ ၁,၄၃၀ ဖြစ်ပါသည်။ ပြည်ပ ဝန်ထမ်းတစ်ဦး၏ လစာ မှာ US$ ၁,၃၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆နှစ်မြောက်)တွင် ကုမ္ပဏီမှရရှိမည့် အကျိုးအမြတ်မှာအောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	US$ (သန်း)
(က)	ဝင်ငွေ	၂.၂၈၅၆
(ခ)	အသုံးစရိတ်	၁.၃၇၅၉
(ဂ)	အသားတင်အမြတ်	၀.၉၀၉၇

၈။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (၆နှစ်မြောက်) တွင် ရရှိမည့်အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၃၀၃,၂၂၁ နှင့် ကုန်သွယ်လုပ်ငန်းခွန် US$ ၁၁၄,၂၈၀ ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၇)နှစ် ဖြစ်၍ အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၁၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

၉။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (နောက်ဆက်တွဲ-က)**

ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည်နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်မှုမရှိပါကြောင်း၊ အဆိုပြုလုပ်ငန်း လုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား ၁၂ ဦး၊ နိုင်ငံခြားသားပညာရှင် ၁ ဦး အလုပ်အကိုင်ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် (၄၉၇)၊ ဒိုင်းမွန်းကွန်ဒို၊ တိုက်အမှတ်(E)၊ ပထမထပ်အား တစ်နှစ်လျှင် (၁၈,၀၀၀,၀၀၀) ကျပ် တစ်လလျှင် (၁၅) သိန်း (1sqft=3200 ကျပ်၊ 1sqm=32327 ကျပ်နှုန်း) ဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် နေ့တွင် ကျင်းပပြုလုပ်ခဲ့သောရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၅၄/၂၀၁၅) ဆုံးဖြတ်ချက်အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြထားပါသည်။

(ခ) **ပြန်ကြားရေးဝန်ကြီးဌာန(နောက်ဆက်တွဲ-ခ)**

ဆွစ်ဇာလန်နိုင်ငံ Ringer AG Co., Ltd မှ ၄၀%၊ မြန်မာနိုင်ငံ Information Matrix Co.,Ltd မှ ၆၀% ထည့်ဝင်ကာ Duwun Web Portal (သတင်းဝက်ဆိုက်) လုပ်ငန်းကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်း နှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ဂ) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန(နောက်ဆက်တွဲ-ဂ)**

IM Ringier Co., Ltd. မှ ဆောင်ရွက်မည့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းသည် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်သုံးစွဲသူ ပြည်သူလူထု အား Entertainment ၊ Knowledge၊ News Content တင်ဆက်ပေးမည့် သတင်းဝက်ဘ်ဆိုက် ဖြစ်ပါသဖြင့် သက်ဆိုင်ရာဆက်သွယ်ရေး အော်ပရေတာများနှင့် ညှိနှိုင်း ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ပြီး၊ Content နှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပြုရန်မရှိပါကြောင်း ပြန်ကြားထားပါသည်။

(ဃ) **မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (နောက်ဆက်တွဲ-ဃ)**

ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. နှင့် မြန်မာနိုင်ငံ Imformation Matrix Co., Ltd. တို့ပူးပေါင်း၍ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်မည့် IM Ringier Co., Ltd. နှင့် ပက်သက်ပြီး ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ကွန်ပျူတာနည်းပညာရှုထောင့်အရ သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်း ပြန်ကြားထားပါသည်။

(င) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (နောက်ဆက်တွဲ-င)**

အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်မှုများ ရှောင်ရှားနိုင်ရန် စီမံကိန်းဆိုင်ရာ အချက်အလက်များအား ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းစနစ်အသုံးပြုခြင်း၊ အဆိုပြုလွှာတွင် ဖော်ပြပါရှိသည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု (CSR) အား အမြတ်ငွေ ၏ ၁% ကို အသုံးပြုရန် အပါအဝင် ကတိကဝတ်များအား လုပ်ငန်းစီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည့်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)ကို ရေးဆွဲတင်ပြရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **(ကုမ္ပဏီမှ EMP အစီရင်ခံစာကိုရေးဆွဲတင်ပြထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။)**

၁၀။ ငွေကြေးအထောက်အထားများအဖြစ် UBS AG Switzerland ဘဏ်မှ Ringier AG ၏ ငွေကြေးခိုင်မာမှုရှိကြောင်းထောက်ခံချက် နှင့် Information Matrix Co., Ltd. အမည်ဖြင့် ကမ္ဘောဇ ဘဏ် (ကျွန်းတောလမ်းဘဏ်ခွဲ) ၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၁ ရက်နေ့ ရက်စွဲဖြင့် မြန်မာ ကျပ်ငွေ (၉.၃၃၅ သန်း) ရှိကြောင်း တင်ပြထားပါသည်။

၁၁။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ သဲအိတ်များ၊ ရေလှောင်ကန်များထားရှိမည်ဖြစ်ပြီး၊ ဝန်ထမ်းများအား မီးသတ်သင်တန်းပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၂။ အလုပ်သမားသက်သာချောင်ချိရေးစီမံချက်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်ဆောင်ရွက်မည့်အစီအစဉ်၊ စက်ရုံဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်မည့်အစီအစဉ်၊ လျှပ်စစ်ဓါတ်အားသုံးစွဲမှု အစီအမံတို့ကို တင်ပြထားပြီး လူမှုဘဝသာယာဝပြောရေး (Corporate Social Responsibility - CSR) အတွက် နှစ်စဉ် အသားတင်အမြတ် ၏ ၁ % ထားရှိ ဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၃။ အဆိုပြုလုပ်ငန်းအား အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆/၂၀၁၅)အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၄။ **စိစစ်တင်ပြချက်**

(က) Ringier AG Co., Ltd. သည် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် အခြေစိုက်သည့် **နိုင်ငံတကာသတင်းစာနှင့် digital news** များ လုပ်ကိုင်သည့် ကုမ္ပဏီ ဖြစ်၍ Information Matrix Co., Ltd. သည် မြန်မာနိုင်ငံတွင် ၂၀၀၀ ခုနှစ်မှစ၍ **နည်းပညာဝန်ဆောင်မှုလုပ်ငန်းများ** (e-Government Software ရေးသားခြင်း၊ website နှင့် web application များရေးသားခြင်း) နှင့် **သတင်းမီဒီယာလုပ်ငန်း** (7 Day နေ့စဉ်ထုတ် သတင်းစာနှင့် အပတ်စဉ်ထုတ် ဂျာနယ်၊ Internet ဂျာနယ်၊ မြန်မာ People မဂ္ဂဇင်း၊ Crossroad စီးပွားရေးမဂ္ဂဇင်း ထုတ်ဝေခြင်း)များ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ ဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် Information Matrix ဘက်မှ ပြည်တွင်း ဈေးကွက်နှင့်စပ်လျဉ်းသည့်အချက်အလက်များ ထောက်ပံ့ခြင်း၊ ကုမ္ပဏီ၏ လက်ရှိ ထုတ်ဝေလျက်ရှိသည့် 7 Day နေ့စဉ်ထုတ် သတင်းစာနှင့် အပတ်စဉ် ထုတ်ဂျာနယ်၊ Internet ဂျာနယ်၊ မြန်မာ People မဂ္ဂဇင်းတို့မှ သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ဗွီဒီယိုများ ထောက်ပံ့ပေးခြင်း၊ ရုံးခန်းနေရာနှင့် လုပ်ငန်းကို လည်ပတ်နိုင်ရန် Operation Management ကိစ္စများကို တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး Ringier AG ဘက်မှ website အတွက် နည်းပညာနှင့် newsroom management အတွက်လိုအပ်သော ကျွမ်းကျင်ပညာရှင်များထောက်ပံ့ပေးခြင်း (software installation၊ CMS အသစ် ပြုလုပ်ရန်အတွက် လိုအပ်သော ငွေကြေး လိုင်စင်ကြေးများ စိုက်ထုတ်ပေးခြင်း၊ နည်းပညာများလွှဲပြောင်းပေးခြင်း)၊ Hosting ကိစ္စများ၊ digital တတ်ကျွမ်းမှု Skill Set များကို ရင်းနှီးစိုက်ထုတ်မည်ဖြစ်ကြောင်းစိစစ်ရပါသည်။

(ဂ) အဆိုပြုလွှာတင်ပြလာခြင်းအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကျင်းပသော(၁၈/၂၀၁၅) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးသို့ တင်ပြခဲ့ပြီးအစည်းအဝေးမှ ကွန်ပျူတာပညာရှင်အသင်းနှင့်တွေ့ဆုံဆွေးနွေး၍ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ ကွန်ပျူတာပညာရှင်အသင်းသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ပြီး ကွန်ပျူတာပညာရှင်အသင်းမှ ကွန်ပျူတာနည်းပညာ ရှုထောင့်အရ သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်းပြန်ကြားထားပါသည်။

(ဃ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ အရ Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်း သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း၊ သတင်းမီဒီယာ ဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေတို့အရ ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

(င) အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက်လိုအပ်သော ရုံးသုံး ပစ္စည်း၊ ပရိဘောဂများအား ပြည်တွင်းမှ ဝယ်ယူအသုံးပြုမည်ဖြစ်ကြောင်း၊ ပြည်ပမှ စက်ပစ္စည်းကိရိယာများ တင်သွင်းရန်မရှိကြောင်းစိစစ်တင်ပြအပ်ပါသည်။

(စ) ပြည်တွင်းဝန်ထမ်း (၁၂)ဦး နှင့် ပြည်ပ ဝန်ထမ်း (၁)ဦး၊ စုစုပေါင်း ဝန်ထမ်း (၁၃) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းသည် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနည်းပါးသော်လည်း မီဒီယာလုပ်ငန်းသည် နည်းပညာပိုင်း တိုးတက်လာနိုင်ခြင်း၊ သတင်းမီဒီယာ လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေခြင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများအား စရိတ်စက သက်သာစွာဖြင့် ဈေးကွက်တွင် တင်ပြနိုင်ခြင်းစသဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသို့ သတင်းအေဂျင်စီလိုင်စင် လျှောက်ထားရန် လိုအပ်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၅။ IM Ringier Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)

(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ ၃ ရက်

MY - 828
7.12.2015

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅. ၁၀. ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက - ၅(အ)/ ၀၁၀ / ၂၀၁၅ (၃၇၅)

၁။ ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. မှ ၄၀%၊ မြန်မာနိုင်ငံ Information Matrix Co., Ltd. မှ ၆၀% ထည့်ဝင်ကာ ဖက်စပ်နိုင်ငံခြားကုမ္ပဏီ IM Ringier Co., Ltd. တည်ထောင်၍ တိုက်အမှတ်(E)၊ ပထမထပ်၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် မြန်မာနှင့် ကမ္ဘာတစ်ဝန်းမှ ဖျော်ဖြေရေး၊ အားကစား၊ Lifestyle Fashion၊ ကျန်းမာရေးအထူးဆောင်းပါးနှင့် သတင်းများကို သွက်လက်လျင်မြန်စွာ တင်ပြပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်အသုံးပြုသူ စာဖတ်ပရိတ်သတ်များ အတွက် entertainment၊ knowledge နှင့် news content များကို တပ်ဆင်ပေးမည့် Web Protal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်ပဝန်ထမ်း(၁)ဦး၊ ပြည်တွင်းလုပ်သားအင်အား(၁၂)ဦး၊ စုစုပေါင်း(၁၃)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၄၉၇)၊ ဒိုင်းမွန်းကွန်ဒို၊ တိုက်အမှတ်(E)၊ ပထမထပ်အား တစ်နှစ်လျှင် (၁၈၀၀၀၀၀၀/-)၊ တစ်လလျှင်(၁၅)သိန်း (1sqft=3200 ကျပ်၊ 1sqm=32327ကျပ်)နှုန်းဖြင့် (၂၀၁၅)ခုနှစ်မှ (၂၀၁၆)ခုနှစ်အထိ ငှားရမ်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့်(၂၇. ၁၁. ၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၄/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ် (၅၃)အရ IM Ringier Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကမာရွတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
IM Ringier Co., Ltd.
လက်ခံစာတွဲ
မျှောစာတွဲ

နောက်ဆက်တွဲ(ခ)

ပူးတွဲ

၆၊၁၁၆၉၇

၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

MY-622
29.9.15

စာအမှတ်၊ ၃-၄(၉/၂၀၁၅)/၃၈၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက် ပြန်ကြားခြင်း ကိစ္စ

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂၁-၉-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၅(အ)/၁၁၀/၂၀၁၅(၃၀၂)

၁။ ဆွစ်ဇာလန်နိုင်ငံ Ringier AG Co.,Ltd မှ ၄၀%၊ မြန်မာနိုင်ငံ Information Matrix Co.,Ltd မှ ၆၀% ထည့်ဝင်ကာ Duwum Web Portal Co.,Ltd တည်ထောင်၍ Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရည်ညွှန်းပါစာဖြင့် တောင်းခံခဲ့ ပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

Information Matrix Co., Ltd

နောက်ဆက်တွဲ-ဂ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ဆသန/၃-၀၂/၀၀၄(၂၀၁၅/ ၇၂၇၀)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

NPI-5755
28.12.15

သို့

M4-878
29.12.2015

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံသည့်ကိစ္စ**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/၀၁၀/၂၀၁၅(၃၇၇)

၁။ မြန်မာနိုင်ငံ Information Matrix Co., Ltd. မှ ၆၀ % နှင့် ဆွစ်ဇာလန်နိုင်ငံ Ringier AG Co., Ltd. မှ ၄၀ % ထည့်ဝင်၍ IM Ringier Co., Ltd. အမည်ဖြင့် တည်ထောင်ထားသည့် ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှ Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာမှုအပေါ် ဤဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ အဆိုပါ IM Ringier Co., Ltd. မှ ဆောင်ရွက်မည့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းသည် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်သုံးစွဲသူ ပြည်သူလူထုအား Entertainment ၊ Knowledge ၊ News Content တင်ဆက်ပေးမည့် သတင်းဝက်ဘ်ဆိုက် ဖြစ်ပါသဖြင့် သက်ဆိုင်ရာဆက်သွယ်ရေး အော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ပြီး၊ Content နှင့်ပတ်သက်၍ ဤဝန်ကြီးဌာနအနေဖြင့် သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်သက်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူ-

- ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
- IM Ringier Co., Ltd.
- ရုံးလက်ခံ
- မျှော။

SaThaNa2-02-004.doc

နောက်ဆက်တွဲ-ဃ

MCPA မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း
Myanmar Computer Professionals Association

M4-871
24.12.15

စာအမှတ်၊ မကပ/စီမံ-၂၀၁၅/၀၃၅
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၃) ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက် ပြန်လည်ပေးပို့ခြင်း။

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက် ရက်စွဲပါစာအမှတ် – ရက–၅(အ) / ၀၁၀/ ၂၀၁၅ (၄၅၃)။

ဆွစ်ဇာလန်နိုင်ငံ Ringier AG Co.,Ltd. နှင့် မြန်မာနိုင်ငံ information Matrix Co.,Ltd. တို့ပူးပေါင်း၍ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်မည့် IM Ringier Co.,Ltd. နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၏ သဘောထားမှတ်ချက်အား ပြန်လည်ပေးပို့ပါရန် အကြောင်းကြားလာခြင်းအား ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ “ကွန်ပျူတာနည်းပညာရှုထောင့်အရ သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်း” ပြန်လည်အကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့်

(ရဲရင့်ဝင်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

မိတ္တူကို
၁။ ရုံးလက်ခံ

နောက်ဆက်တွဲ-င

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

NPT-5282
20.11.15

စာအမှတ် ၃(၂)/၁၆(ဃ)(၆)/(၃၁၉၉ /၂၀၁၅)
ရက်စွဲ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

M4-777
23.11.15

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက -၅(အ)/၁၁၀/၂၀၁၅(၃၇၆)

၁။ ဆွစ်ဇာလန်နိုင်ငံ Ringer AG Co., Ltd. မှ ၄၀ % နှင့် မြန်မာနိုင်ငံ Information Matrix Co., Ltd. မှ ၆၀% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီ IM Ringer Co., Ltd. တည်ထောင်ကာ တိုက်အမှတ်(E)၊ ပထမထပ်၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် မြန်မာနှင့်ကမ္ဘာတစ်ဝန်းမှဖျော်ဖြေရေး၊ အားကစား၊ Lifestyle၊ Fashion၊ ကျန်းမာရေး အထူးဆောင်းပါးနှင့် သတင်းများကို သွက်လက်လျင်မြန်စွာ တင်ပြပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်အသုံးပြုသူ စာဖတ်ပရိတ်သတ်များအတွက် entertainment ၊ knowledge နှင့် news content များကိုတင်ဆက်ပေးမည့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့် ပတ်သက်၍ စိစစ်ပြီးဌာနဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပြုစီမံကိန်းလုပ်ငန်းသည် သတင်းဝက်ဆိုက်လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ပတ်ဝန်းကျင်အား သိသာထင်ရှားသောထိခိုက်စေမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ IM Ringer Co., Ltd. မှ DUWAN Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေး ထိခိုက်မှုများရှောင်ရှားနိုင်ရန် စီမံကိန်းဆိုင်ရာ အချက်အလက်များအား ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းစနစ်အသုံးပြုခြင်း၊ အဆိုပြုလွှာ

တွင် ဖော်ပြပါရှိသည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု(CSR)အား အမြတ်ငွေ၏၁ % ကို အသုံးပြုရန်အပါအဝင် ကတိကဝတ်များအား လုပ်ငန်းစီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ခ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan- EMP) ကိုရေးဆွဲတင်ပြရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများရယူဆောင်ရွက်ရန်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကန့်သတ်

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
	IM Ringier Co.,Ltd.	Information Matrix Co., Ltd. (Myanmar) Representative By	
		(၁) ဦးသောင်းစုငြိမ်း ဒါရိုက်တာ မြန်မာ ၁၂/ဒဂန(နိုင်) ၀၀၁၀၈၆	အမှတ်(၅၂၀)၊C/၆(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(၂) ဒေါ်စုစုစိုးညွန့် ဒါရိုက်တာ မြန်မာ ၁၀/မဒန(နိုင်) ၀၀၄၁၆၈	အမှတ်(၅၂၀)၊C/၆(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(၃) ဒေါ်စုငြိမ်းအေး ဒါရိုက်တာ မြန်မာ ၁၂/မဂန(နိုင်) ၀၃၁၀၃၄	အမှတ်(၂၅၀)၊ ခရပင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		Ringier AG Co.,Ltd. (Switzerland) Representative By	
		(၄) Mr. Robin Lingg Director Switzerland X1901952	Ramistrassee 18, 8001 Zurich, Switzerland
		(၅) Mr. Adrian Dudle Director Switzerland X2288250	Gheistrassee 1, 8802 Kilchberg, Switzerland

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် - ၀၉-၅၀၁၅၀၉၉,၀၁-၅၁၂၈၈၇

- Fax: ၀၁-၅၁၃၅၁၉

၂။ ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ	- တိုက်အမှတ် (E)၊ ပထမထပ်၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၁၄၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ရာထူး	- ဦးသောင်းစုငြိမ်း(ဒါရိုက်တာ)
၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	- မြန်မာနှင့်ကမ္ဘာတစ်ဝန်းမှ ဖျော်ဖြေရေး၊ အားကစား၊ Lifestyle ၊ Fashion၊ ကျန်းမာရေး အထူးဆောင်းပါးနှင့် သတင်းများကို သွက်လက်လျင်မြန်စွာ တင်ပြပေးခြင်း၊ မြန်မာနိုင်ငံ အတွင်းရှိ အင်တာနက်အသုံးပြုသူ စာဖတ်ပရိသတ်များအတွက် Entertainment၊ knowledge နှင့် news content များကို တင်ဆက်ပေးမည့် Web Portal (သတင်းဝက်ဘ်ဆိုက်) လုပ်ငန်း
၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ	-
၆။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-
၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ်	-